၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်။

တတိယအကြိမ်ထုတ် AEC Perspective နှင့်ပတ်သက်၍–

ပါရမီစားပွဲဝိုင်း ဆွေးနွေးပွဲအုပ်စုမှ နောက်ထပ်ကြိုးပမ်းချက်တစ်ရပ်အဖြစ် AEC Perspective တတိယ စာစောင်ကို ဖြန့်ချိလိုက်ပါသည်။ ပထမစာစောင်ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လကထုတ်ဝေခဲ့ပြီး မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါသော အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများအကြောင်းကို လည်းကောင်း၊ ဒုတိယစာစောင်ကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလက ရေးသားထုတ်ဝေခဲ့ပြီး အရှေ့အနောက် စီးပွားရေး စင်္ကြံလမ်းအကြောင်းကို တင်ပြခဲ့ပါသည်။

ယခုစာစောင်တွင် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပပြီးစီးခဲ့ သော (၁၁) ကြိမ်မြောက် အေအီးစီ အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးခဲ့ကြသော အာဆီယံခေါ် အရှေ့တောင် အာရှနိုင်ငံများအဖွဲ့နှင့် အာဆီယံ စီးပွားရေး အသိုက်အဝန်းအကြောင်းကို မြန်မာအမျိုးသားများ ပိုမိုနားလည် သဘောပေါက်အောင် ရေးသားတင်ပြထားပါသည်။

၂၀၁၄ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို တစ်နှစ်တာ ထမ်းဆောင်ရမည် ဖြစ်ရာ၊ ၂၀၁၅ ခုနှစ်တွင် စတင်အသက်ဝင်မည့် အေအီးစီ အကြိုကာလဖြစ်သည်နှင့်အညီ အေအီးစီအကြောင်းကို မြန်မာပြည်သူပြည်သားအားလုံး ထဲထဲဝင်ဝင် နားလည်သဘောပေါက်ထားရန် ပိုမိုအရေးကြီးလာပါသည်။ အေအီးစီ ကိုအကောင်အထည်ဖော်ရာတွင် ဥက္ကဋ္ဌအနေဖြင့် ဦးဆောင်မှုပေးနိုင်ရန်မှာ အစိုးရ၏တာဝန်သာမဟုတ်ဘဲ ပြည်သူ တစ်ရပ်လုံးကပါ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ သမိုင်း ကြောင်းအရ စည်းလုံးညီညွတ်မှုကို စံတင်နိုင်ခဲ့သော ပြည်ထောင်စုနေ့အမီ ဤစာစောင်ကို ထုတ်ဝေဖြန့်ချိ လိုက်ရခြင်းဖြစ်ပါသည်။ အေအီးစီဘာသာရပ်မှာ ကျယ်ပြန့်လွန်းလှသဖြင့် သိရှိသင့်သောအချက်များ အားလုံးကို ဤစာစောင်တွင် အပြည့်အစုံ ထည့်သွင်းဖော်ပြခြင်း မပြုနိုင်သည်ကိုလည်း ဝန်ခံလိုပါသည်။ သို့သော် အရေးကြီး သောအချက်အလက်များကို ကောက်နုတ်ဖော်ပြထားခြင်းဖြင့် အေအီးစီနှင့်ပတ်သက်၍ မြန်မာပြည်သူများ၏ နားမျက်စိများကို ဖွင့်ပေးရန်ကြိုးပမ်းထားပါသည်။ အသေးစိတ်သိသင့်သော အချက်များကို ပါရမီစားပွဲဝိုင်းအုပ်စု၏ အင်တာနက်စာမျက်နှာ www.aec.com.mm တွင် ပညာရှင်များက ဆက်လက်ရေးသား တင်ပြဦးမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုပါသည်။

အေအီးစီ အလုပ်ရုံဆွေးနွေးပွဲများမှတဆင့် ပေါ်ပေါက်လာသော ပြည်သူ့အသံများကို၊ လုပ်ငန်းရှင်များ၊ မူဝါဒချမှတ်သူများနှင့် ပညာရှင်များအကြား ပူးပေါင်းအဖြေရှာခြင်းဖြင့် အေအီးစီကို အကျိုးရှိစွာပူးပေါင်းဆောင် ရွက်နိုင်ပြီး နိုင်ငံတော်၏ စီးပွားရေးတိုးတက် ဖွံ့ဖြိုးလာစေလိုသော စေတနာဖြင့် ယခုကဲ့သို့ AEC Perspective စာစောင်များကို ထုတ်ဝေဖြန့်ချိရခြင်းဖြစ်ပါသည်။

**ကျေးဇူးတင်စွာဖြင့်**

**ပါရမီစားပွဲဝိုင်းဆွေးနွေးပွဲအုပ်စု**
အမှတ် (၁၄-၀၄)၊ ဆာကူရာတာဝါ၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်။
ဖုန်း- (၀၁) ၂၅၅၁၀၄၊ ၂၅၅၁၀၆။ ဖက်စ်- (၀၁) ၂၅၅၁၀၉
Email: info@aec.com.mm
Website: www.aec.com.mm

# AEC Perspectives

Round Table PARAMI Series

အာဆီယံစီးပွားရေးအသိုက်အဝန်း

*Vol. 2, Issue 1, February 2014*

## အဓိကအချက်များ

အရှေ့တောင်အာရှနိုင်ငံများ အသင်းဖွဲ့စည်းတည်ထောင်မှု

အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ)

AEC အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ

မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူခြင်းနှင့် ရှေ့ဆက် ဆောင်ရွက်ရမည့် ကိစ္စများ

## ခံယူချက်

အေအီးစီစားပွဲဝိုင်း ဆွေးနွေးပွဲများတွင် မိမိတို့၏ အသိပညာနှင့် ကျွမ်းကျင်မှုများကို မျှဝေပေးခြင်းဖြင့်မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသော မြန်မာနိုင်ငံသားတိုင်း ပါဝင်ဆွေးနွေး ခွင့်ရှိပါသည်။

အေအီးစီစားပွဲဝိုင်း ဆွေးနွေးပွဲများကို မိမိတို့အကျိုးအမြတ် မျှော်မှန်းခြင်းလည်းမရှိ၊ မည်သည့် နိုင်ငံရေးပါတီ၊ ဘာသာရေးအယူဝါဒတို့၏ လွှမ်းမိုးခြင်းလည်းမရှိသော တိုင်းချစ်ပြည်ချစ်စိတ် ရှိသည့် မြန်မာနိုင်ငံသားများမှ ဦးဆောင်ကျင်းပခြင်းဖြစ်ပါသည်။

စိတ်ပါဝင်စားသူများ စာမျက်နှာ(၄)ပါ လိပ်စာအတိုင်းဆက်သွယ်နိုင်ပါသည်။

ထုတ်ဝေခွင့်အမှတ် - ၁၃၂၁၄၀၅၀၈၀၁၁၂၁၄
ဖြန့်ချိရေး - AEC Perspectives စာပေ
ထုတ်ဝေသူ - ဦးအောင်မြတ်မိုး
စောင်ရေ - ၁၀၀၀
တန်ဖိုး - အခမဲ့

## အရှေ့တောင်အာရှနိုင်ငံများအသင်း ဖွဲ့စည်းတည်ထောင်မှု

အရှေ့တောင်အာရှ နိုင်ငံများအသင်း Association of South East Asian Nations (ASEAN) ကို ၁၉၆၇ ခုနှစ် ဩဂုတ်လ (၈)ရက်နေ့တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့၏ နိုင်ငံအကြီးအကဲများက အာဆီယံကြေညာချက် (သို့မဟုတ်) ဘန်ကောက်ကြေညာချက်ကို လက်မှတ်ရေးထိုး၍ စတင်ဖွဲ့စည်းခဲ့ကြပါသည်။ ဘရူနိုင်းဒါရူဆလမ်နိုင်ငံက ၁၉၈၄ ခုနှစ်၊ ဗီယက်နမ်နိုင်ငံက ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့က ၁၉၉၇ ခုနှစ် နှင့် ကမ္ဘောဒီးယားနိုင်ငံက ၁၉၉၉ ခုနှစ်တွင် အာဆီယံအဖွဲ့သို့အသီးသီး ဝင်ရောက်ခဲ့ကြပါသည်။ ထိုသို့ ဖွံ့ဖြိုးဆဲနိုင်ငံ (၄)နိုင်ငံ (CLMV) က အာဆီယံသို့ အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းဖြင့် အာဆီယံ၏နယ်နိမိတ် ပိုမိုကျယ်ဝန်းလာသည်သာမက လူဦးရေနှင့် စီးပွားရေးမှာလည်း ပိုမိုတိုးတက် များပြားလာပါသည်။ အာဆီယံဒေသတစ်ခုလုံး၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေး စသည်တို့ကို ဆောင်ရွက်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တော်တွင် ၁၉၈၁ ခုနှစ်ကစတင်ဖွင့်လှစ်ခဲ့ပါသည်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်းလူဦးရေ သန်း (၆၀၀) ပါဝင်သော အာဆီယံ စီးပွားရေး အသိုက်အဝန်းကို ၂၀၁၅ ခုနှစ်အကုန်တွင် အကောင်အထည်ဖော်ရန် သဘောတူထားပြီးဖြစ်ပါသည်။ ဤအသိုက်အဝန်းက မြန်မာနိုင်ငံအား အခွင့်အလမ်းများရရှိစေမည် ဖြစ်သလိုစိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံသားများ နားလည်သိရှိထားရန်လိုပါသည်။

## အာဆီယံ စီးပွားရေး အသိုက်အဝန်း (ASEAN Economic Community - AEC)

၁၉၉၇ ခုနှစ် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင်ကျင်းပသည့် အာဆီယံထိပ်သီး အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များက သက္ကရာဇ် ၂၀၂၀ တွင် အာဆီယံသည် တည်ငြိမ်သော၊ ဆင်းရဲမှုနှင့် လူမှုစီးပွားရေး ကွဲပြားမှုများကိုလျှော့ချသော၊ စီးပွားရေးဖွံ့ဖြိုးမှု အချိုးညီစွာဖြင့် ယှဉ်ပြိုင်မှုကို မြင့်မားသော၊ ကြွယ်ဝချမ်းသာသော၊ စီးပွားရေးဖွံ့ဖြိုးမှု အချိုးညီသောဒေသဖြစ်လာစေရန် ရည်ရွယ်၍ အာဆီယံမျှော်မှန်းချက် ၂၀၂၀ (ASEAN Vision 2020) ကို ကြေညာခဲ့ပါသည်။ ၂၀၀၃ ခုနှစ် ဘာလီတွင်ကျင်းပခဲ့သော အာဆီယံထိပ်သီးအစည်းအဝေး၌ နိုင်ငံ့ခေါင်းဆောင်ကြီးများမှ အာဆီယံ စီးပွားရေး အသိုက်အဝန်းကို ၂၀၂၀ ခုနှစ်တွင် ဒေသဆိုင်ရာစီးပွားရေး ပေါင်းစည်းမှု၏ အဓိကရည်မှန်းချက်အဖြစ် ကြေညာခဲ့ပါသည်။ (ဘာလီကွန်ကော့-၂)

အာဆီယံအသိုက်အဝန်းကို ၂၀၂၀ ခုနှစ်တွင် တည်ထောင်နိုင်ရေးအတွက် အာဆီယံ စီးပွားရေး အသိုက်အဝန်းမဏ္ဍိုင်ကို အခြားမဏ္ဍိုင်နှစ်ခုဖြစ်သည့် အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်း၊ အာဆီယံ လူမှုယဉ်ကျေးမှု အသိုက်အဝန်းတို့ဖြင့် ဟန်ချက်ညီစွာ ဆောင်ရွက်သွားရန် မျှော်မှန်းပါသည်။ ၂၀၀၆ ခုနှစ် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံ စီးပွားရေး အသိုက်အဝန်းကို ၂၀၂၀ မှ ၂၀၁၅ သို့ရှေ့တိုး၍ အကောင်အထည်ဖော်ရန် သဘောတူညီခဲ့ကြပါသည်။ ထိုသို့ ရှေ့တိုးအကောင်အထည်ဖော်ရန်အတွက် ဘာလီကွန်ကော့-၂ တွင်ပါဝင်သည့် သွင်ပြင်လက္ခဏာများ၊ အချက်အလက်များနှင့် ကိုက်ညီပြီးရှင်းလင်းသည့် ရည်မှန်းချက်များနှင့် အချိန်ဇယားပါရှိသည့် သိမြင်လွယ်ကူသော အာဆီယံ စီးပွားရေး အသိုက်အဝန်းပုံစံ (AEC Blueprint) ကို ချမှတ်ခဲ့ပါသည်။

→ စာမျက်နှာ ၂

## သွင်ပြင်လက္ခဏာများ

အာဆီယံ စီးပွားရေး အသိုက်အဝန်း ထူထောင်ရာတွင် စည်းမျဉ်း အခြေခံစနစ်များ (Rule based system) ပါဝင်သည့် ဈေးကွက်စီးပွားရေးနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါသည်။ အာဆီယံ စီးပွားရေး အသိုက်အဝန်းကို အကောင်အထည်ဖော်ရန်အတွက် အဓိကအား ဖြင့်အောက်ပါအချက် (၄)ချက်ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(က) တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသ
(Single Market and Production Base)

အာဆီယံ တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံသော ဒေသဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက် (၅)ချက် ဖြင့်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(က-၁) ကုန်စည်များ လွတ်လပ်စွာ စီးဆင်းစေနိုင်ခြင်း
(Free flow of Goods)

ကုန်စည်များ လွတ်လပ်စွာ စီးဆင်းစေနိုင်ရန်အတွက် ကုန်စည်များအပေါ် အကောက်ခွန်နှုန်း ကောက်ခံခြင်းကို သုည ရာခိုင်နှုန်းအထိ လျှော့ချပေးရန်နှင့် ကုန်သွယ်မှု စီးဆင်းရေးလွယ်ကူအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၂၀၁၅ ခုနှစ်တွင် အကောက်ခွန်နှုန်းထားများကို သုညရာခိုင်နှုန်းသို့ လျှော့ချပေးရမည် ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံ (၄)နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံ တို့အတွက် အရေးကြီးသည့် ကုန်စည်များ (Sensitive Product)ကို ၂၀၁၈ ခုနှစ်တွင်မှ သုညရာခိုင်နှုန်းသို့ လျှော့ချခွင့် ရရှိထားပါသည်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံဒေသအတွင်း ကုန်သွယ်သည့် ကုန်စည်များအားလုံးအပေါ် အကောက်ခွန်များကို AFTA သဘောတူညီချက်အရ သုည မှ ၅% အတွင်း လျှော့ချထားပြီးဖြစ်ရာ ဆက်လက်၍ သုည ရာခိုင်နှုန်းအထိ လျှော့ချရန် အခက်အခဲမရှိပါ။

ကုန်သွယ်မှု လွယ်ကူစေရန်အတွက် အကောက်ခွန်မဟုတ်သည့်ကုန်သွယ်မှု အတားအဆီးများ(Non Tariff Barriers - NTBs) ကိုဖယ်ရှားရန် လိုအပ်သည့်အပြင် ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေးဆိုင်ရာ ဆောင်ရွက်မှုများဖြစ်သည့် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို တစ်ပြေးညီဖြစ်စေခြင်း၊ အာဆီယံပြတင်းပေါက်တစ်ပေါက် (ASEAN Single Window) စနစ်ကို တည်ထောင်အသုံးပြုခြင်း၊ CEPT (Common Effective Preferential Tariff) အစီအစဉ်၊ ပင်ရင်းဒေသစည်းမျဉ်း (Rule of Origin) နှင့် ယင်း၏ ပင်ရင်းဒေသ သက်သေခံလက်မှတ် ထိုးပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပိုမိုခိုင်မာလာအောင် ဆောင်ရွက်ခြင်း၊ ပုံစံတူကုန်သွယ်မှု မြန်ဆန်စေသည့် စနစ်များတည်ထောင်အသုံးပြုခြင်းနှင့် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို တစ်ပြေးညီ ဖြစ်စေရန်တို့သည်လည်း အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်တွင် အာဆီယံ စီးပွားရေးပေါင်းစည်းမှု လျှင်မြန်စွာ ဆောင်ရွက်ရေးကို ရှေးရှု၍ ပိုမိုပြည့်စုံခိုင်မာပြီး ကုန်စည်များ လွတ်လပ်စွာ စီးဆင်းရေးအတွက် အာဆီယံကုန်စည် ကုန်သွယ်ရေး သဘောတူစာချုပ် (ASEAN Trade in Goods Agreement – ATIGA) ကို နိုင်ငံ့ခေါင်းဆောင်များက ၂၀၀၉ ခုနှစ် တွင် လက်မှတ် ရေးထိုးခဲ့ကြပြီး ၂၀၁၀ ပြည့်နှစ်တွင် စတင် သက်ဝင်ခဲ့ပါသည်။

(က-၂) ဝန်ဆောင်မှုများ လွတ်လပ်စွာ စီးဆင်းခြင်း
(Free Flow of Services)

အာဆီယံ စီးပွားရေး အသိုက်အဝန်း တည်ထောင်ရာတွင် ကုန်စည် ကုန်သွယ်ရေးသာမက ဝန်ဆောင်မှု ကုန်သွယ်ရေး လွတ်လပ်စွာ စီးဆင်းရေးသည်လည်း အရေးပါသည့် ကိစ္စတစ်ရပ် ဖြစ်ပါသည်။ အာဆီယံဒေသအတွင်း ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသူများ လုပ်ငန်းဆောင်ရွက်ရာတွင် လည်းကောင်း၊ ဒေသတွင်း နိုင်ငံနယ်နိမိတ်ကိုဖြတ်ကျော်၍ ကုမ္ပဏီများ ထူထောင်ရာတွင် လည်းကောင်း၊ ကန့်သတ်ချက်များမရှိရန် လိုအပ်ပါသည်။ ဝန်ဆောင်မှုကဏ္ဍအောက်တွင် အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ်များ (Mutual Recognition Arrangements – MRAs) လက်မှတ်ရေးထိုးထားရာ စုစုပေါင်း (၇)မျိုးရှိပါသည်။ ယင်းတို့မှာ- (၁) ဗိသုကာ ပညာဝန်ဆောင်မှု၊ (၂) သူနာပြုစောင့်ရှောက်မှု၊ (၃) အင်ဂျင်နီယာ၊ (၄) မြေတိုင်းတာရေး၊ (၅) ဆေးဘက်ဆိုင်ရာဆရာဝန်များ / ဆေးပညာရှင်များ၊ (၆) သွားဘက်ဆိုင်ရာ ပညာရှင်များ၊ (၇) စာရင်းကိုင်ပညာရှင်များ တို့ဖြစ်ပါသည်။

(က-၃) ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ စီးဆင်းစေနိုင်ခြင်း
(Free Flow of Investment)

အာဆီယံဒေသအတွင်း ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရာတွင်လည်းကောင်း၊ အာဆီယံ၏ယှဉ်ပြိုင်မှုကို တိုးတက်စေရန် လည်းကောင်း၊ ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာစီးဆင်းနိုင်အောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ၂၀၁၀ ခုနှစ်တွင် အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် (ASEAN Comprehensive Investment Agreement - ACIA) ကို လက်မှတ်ရေးထိုးခဲ့ကြပြီး အဆိုပါစာချုပ်တွင် အဓိကအားဖြင့် - (၁) ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း၊ (၂) လွယ်ကူချောမွေ့စေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ (၃) မြှင့်တင်ခြင်းနှင့် အများသိရှိနားလည်ခြင်း၊ (၄) ဖြေလျှော့မှုပေးခြင်းတို့ ပါဝင်ပါသည်။

(က-၄)ငွေကြေးအရင်းအနှီးများပိုမို၍ လွတ်လပ်စွာစီးဆင်းနိုင်ခြင်း
(Freer Flow of Capital)

အာဆီယံ ငွေကြေးဈေးကွက်ဖွံ့ဖြိုးမှုနှင့် ပေါင်းစည်းမှုတိုးတက်ခိုင်မာစေရန်အတွက် အကြွေးစာချုပ်များ (DebtSecurities)၊ ထုတ်ဖော်ပြရန် လိုအပ်ချက်များ (Disclosure Requirement) နှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ စည်းမျဉ်းများ (Distribution Rules) ကို ဆောင်ရွက်ရာ၌ အာဆီယံဒေသတွင်း ငွေကြေးဈေးကွက် အဆင့်

→ စာမျက်နှာ ၃

အတန်းများနှင့် ပိုမိုညီညွတ်မှုရှိအောင် ဆောင်ရွက်ရပါမည်။

(က-၅) ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာလုပ်ကိုင်ခွင့်ပြုရေး (Free Flow of Skilled Labour)

တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှု အခြေခံဒေသဖော်ဆောင်ရန်အတွက် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းနိုင်ခြင်းသည်လည်း အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။ ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးတို့ကို ဆောင်ရွက်နေသော နိုင်ငံခြားသားများ ဝင်ထွက်သွားလာမှု လွယ်ကူစေမည့် အစီအစဉ်များကို အိမ်ရှင်နိုင်ငံများ၏ စည်းမျဉ်းစည်းကမ်းများအရ ခွင့်ပြုရန်လိုအပ်ပါသည်။ သို့ဖြစ်ရာ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့် ကျွမ်းကျင်လုပ်သားများနှင့် အသက်မွေးဝမ်းကျောင်း ဆောင်ရွက်သူများအတွက် ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့်များ ထုတ်ပေးရာ၌ လွယ်ကူမှုရှိစေရန် လိုအပ်ပါသည်။

(ခ) ယှဉ်ပြိုင်နိုင်မှုစွမ်းအား မြင့်မားသော စီးပွားရေးဒေသ (Competitive Economic Region)

ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသော စီးပွားရေးဒေသဖြစ်ရန်အတွက် အောက်ဖော်ပြပါအချက် (၄)ချက်ဖြင့် ဆောင်ရွက်ရန် လိုအပ် ပါသည်။

(၁) ယှဉ်ပြိုင်မှု မူဝါဒ(Competition Policy)၊

(၂) စားသုံးသူများ အကာအကွယ်ပေးခြင်း (Consumers Protection)၊

(၃) အသိဉာဏ ပစ္စည်းဆိုင်ရာ မူပိုင်ခွင့် (Intellectual Property Rights - IPRs)

(၄) အခြေခံဆောက်အဦးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး (Infrastructure Development)၊

(ဂ) စီးပွားရေးဖွံ့ဖြိုးမှု မျှတသောဒေသ (A region of Equitable Economic Development)

အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးတိုးတက်မှုများ ကွဲပြားခြားနားလျက်ရှိရာ၊ ထိုခြားနားချက်ကို ကျဉ်းမြောင်းစေရန်အတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးမှု မျှတသောဒေသ ဖြစ်ပေါ်စေရန် ရည်ရွယ်ပါသည်။

အာဆီယံဒေသအတွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ကို အာဆီယံ အသေးစားနှင့် အလတ်စား လုပ်ငန်းများဆိုင်ရာမူဝါဒပုံစံ (၂၀၀၄ -၂၀၁၄) - ASEAN Policy Blueprint for SMEs Development (2004 -2014) ဖြင့်ချမှတ်ခဲ့ပါသည်။

(ဃ) ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် အပြည့်အဝ ပါဝင်ပေါင်းစည်းသောဒေသ (Integration into the Global Economy)

အာဆီယံဒေသသည် ကမ္ဘာ့ပတ်ဝန်းကျင်တွင် အပြန်အလှန် မှီခိုအားထားနေရသည့် ဈေးကွက်များ၊ ကမ္ဘာ့အကြီးစားစက်မှုလုပ်ငန်းကြီးများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်မှုများ တစ်နေ့ထက်တစ်နေ့ တိုးတက်လျက်ရှိပါသည်။ အာဆီယံ စီးပွားရေးလုပ်ငန်းများ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စေရန်အတွက် အာဆီယံဒေသအား ပိုမိုအင်အားတောင့်တင်းသော ကမ္ဘာ့ထောက်ပံ့မှုပေးနိုင်သည့် ဒေသကြီးဖြစ်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်သောဒေသအဖြစ် ဆက်လက်တည်တန့်ရန် လိုအပ်ပါသည်။

## AEC အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ

အာဆီယံစီပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်သည်နှင့် အာဆီယံနိုင်ငံအချင်းချင်း ကုန်သွယ်မှုပြုသည့် ကုန်စည်များအပေါ် အကောက်ခွန်များ ဖယ်ရှားထားပြီးဖြစ်၍ ကုန်စည်များ အပြိုင်အဆိုင် ဝင်ရောက်လာမည်ဖြစ်သလို မိမိနိုင်ငံမှ ကုန်စည်များလည်း အခြားအဖွဲ့ဝင်နိုင်ငံများသို့ လွတ်လပ်စွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပါသည်။ စားသုံးသူများအနေနှင့် မိမိကြိုက်နှစ်သက်ရာကို ရွေးချယ်ဝယ်ယူလာနိုင်မည် ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများအတွက်လည်း ရင်းနှီးမြှုပ်နှံသူကို အကာအကွယ်ပေးထားခြင်း အပါအဝင် ပျော့ပြောင်းပွင့်လင်းသည့် ဥပဒေကိုရေးဆွဲထားသဖြင့် အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ကြမည်ဖြစ်ပါသည်။

ကုန်စည်များ ဝင်ရောက်လာသဖြင့် ဈေးနှုန်းအသင့်တင့်ဆုံးနှင့် အရည်အသွေး အကောင်းဆုံးကို ဝယ်ယူစားသောက် နိုင်မည်ဖြစ်သလို တဘက်မှလည်း၊ မိမိနိုင်ငံမှ ထုတ်သည့် ကုန်စည်များ အခြားနိုင်ငံများမှ ထုတ်ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်နိုင်မှုရှိအောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။

ဝန်ဆောင်မှု လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျွမ်းကျင်လုပ်သားများလည်း လွတ်လပ်စွာ ဝင်ရောက်နိုင်တော့မည်ဖြစ်ရာ မိမိတို့နိုင်ငံ၏ လစ်လပ်နေသည့် အလုပ်နေရာများတွင် ၎င်းတို့နေရာ ရရှိသွားနိုင်မည်ဖြစ်ပြီး မိမိတို့ လုပ်သားများမှာ ယှဉ်ပြိုင်နိုင်စွမ်းမရှိသဖြင့် အလုပ်နေရာကောင်းများဆုံးရှုံးနိုင်ပါသည်။

## မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများ

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့သို့ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့မှ စတင်ဝင်ရောက်စဉ်မှစ၍ ယခု ၂၀၁၄ ခုနှစ်တွင် ပထမ ဆုံးအကြိမ် ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခြင်းဖြစ်ပါသည်။ ပထမပိုင်းတွင် အချို့အာဆီယံအဖွဲ့ဝင်နိုင်ငံများက ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခြင်းသည် ၂၀၁၅ ခုနှစ်တွင် ဖော်ထုတ်မည့် အာဆီယံ အသိုက်အဝန်းကို နှောင့်နှေးမှုဖြစ်စေမည်လားဟု စိုးရိမ်ခဲ့ကြပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် ဆောင်ရွက်ချက်များကို သိရှိခဲ့ကြပြီး၊ ၂၀၁၄

→ စာမျက်နှာ ၄

ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရန် အဖွဲ့ဝင်အားလုံးမှ သဘောတူညီခဲ့ကြပါသည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ် အသုံးပြု မည့်ဆောင်ပုဒ်မှာ 'ရှေ့သို့တူညီတက်လှမ်း၍ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ ' (Moving Forward in Unity to a Peaceful and Prosperous Community) ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ လက်ခံကျင်းပမည့် အစည်းအဝေးများမှာ အာဆီယံ ထိပ်သီးအစည်းအဝေး (၁၀) ခုနှင့် ဝန်ကြီးအဆင့် အစည်းအဝေး (၇၃) ခု အပါအဝင် အစည်းအဝေးပေါင်း (၂၀၀) ကျော်ရှိပါသည်။

မြန်မာနိုင်ငံမှ ဦးဆောင်ပြီး ဆောင်ရွက်သွားမည့် ဘာသာရပ်ဆိုင်ရာလုပ်ငန်း (၈) ခုရှိရာ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အာဆီယံကြေညာချက် (Declaration on ASEAN SMEs Development)၊ ဒေသဆိုင်ရာ ပေါင်းစည်းဆက်သွယ်ရေးနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်သည့် မဟာစီမံကိန်း (Regional Connectivity Master Plan) တစ်ရပ်ကို ရေးဆွဲရန်နှင့် အာဆီယံ ပေါင်းစည်းရေးကြိုးပမ်းမှု၏ တတိယလုပ်ငန်းအစီအစဉ် (IAI Workplan III) ကိုရေးဆွဲပြုစုရန် ကိစ္စရပ် (၃) ခုအပါအဝင် ဖြစ်ပါသည်။

## နိဂုံး

အာဆီယံ စီးပွားရေး အသိုက်အဝန်းကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ (၃၁) ရက်နေ့တွင် အကောင်အထည်ဖော်မည်ဖြစ်ရာ ၂ နှစ်ခန့်အချိန်ရရှိပါသေးသည်။ ကုန်စည်ကုန်သွယ်ရေးကဏ္ဍတွင် အကောက်ခွန်မဟုတ်သည့် အတားအဆီးများကို သတ်မှတ်အချိန်ဇယားအလိုက် ဖယ်ရှားနိုင်ခြင်းမရှိခဲ့၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ မတိုင်မီ ဆောင်ရွက်နိုင်မည်လားဟု စဉ်းစားဖွယ်ရှိပါသည်။ ယင်းအပြင် ဝန်ဆောင်မှုကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင်လည်း ဖြေလျှော့ပေးရန်များ ကျန်ရှိနေပါသေးသည်။ ညီညွတ်မျှတသည့် စီးပွားရေးဖွံ့ဖြိုးမှုဒေသ ဖြစ်ရန်အတွက်မှာလည်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ အချိန်ယူဆောင်ရွက်ရဦးမည် ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအနေနှင့် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးစသည်တို့ တိုးတက်ကောင်းမွန်ရန် လိုအပ်နေဆဲဖြစ်ပြီး လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက် ခိုင်မာမှုရှိရန်လည်း ကြိုးစားရမည် ဖြစ်ပါသည်။

---

### (၁၁) ကြိမ်မြောက် AEC အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးခဲ့သော ပုဂ္ဂိုလ်များ။

ရန်ကုန်မြို့. . . ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၊ (၉)ရက်။

**အခမ်းအနားသဘာပတိ**
ဦးတင်ချို၊ အကြီးတန်းအကြံပေး၊ ပါရမီစွမ်းအင် ကုမ္ပဏီများအုပ်စု၊

**Panel:** Myanmar ASEAN Chairmanship 2014
**Moderator:** ဦးတင်ချို၊
**Panelists :** ဦးအောင်လင်း၊ ဒေါက်တာဒေါ်ခင်အုန်းသန့်၊ ဦးအောင်မြင့်၊ ဒေါ်တင်တင်ထွေး၊

"East West Economic Corridor and Myanmar"
ဦးအောင်မြင့်၊

**Panel:** Inclusive Leadership Development
**Moderator:** ဦးပြည့်ဝထွန်း၊
**Panelists :** ဦးဖြိုးမင်းသိန်း၊ ဒေါ်အိမ့်ဖူးဖူးအောင်၊ ဦးဇော်ဝင်း၊ ဒေါ်ဝေသစ်လွင်၊

**Panel:** Technical & Financial Assistance for SME Development
**Moderator:** ဒေါက်တာအောင်သူရ၊
**Panelists :** ဦးစံသိန်း၊ ဦးဇော်သန်း၊ ဒေါက်တာအိရွှေစင်ထွန်း၊ ဦးအောင်ခင်မြင့်၊

**Wrap Up Session**
**Moderator:** ဦးတင်ချို၊
**Panelists :** ဒေါက်တာဒေါ်ခင်အုန်းသန့်၊ ဒေါ်တင်တင်ထွေး၊ ဦးစံသိန်း၊ ဦးသန်းမောင်၊ ဦးဇော်ဝင်း၊ ဦးဖြိုးမင်းသိန်း၊ ဒေါက်တာအိရွှေစင်ထွန်း၊

အာဆီယံ စီးပွားရေးအသိုက်အဝန်း အလုပ်ရုံဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူများ၏ တင်ပြချက်များ၊ ပြုလုပ်ခဲ့ပြီးသော ဆွေးနွေးပွဲများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို **www.aec.com.mm** တွင် download ပြုနိုင်ပါသည်။

---


၁။ AEC Blueprint
၂။ (၁၁) ကြိမ်မြောက် AEC အလုပ်ရုံဆွေးနွေးပွဲ Myanmar ASEAN Chairmanship 2014, Panel Discussion



**AEC Perspectives**

ဤစာစောင်ကို ပါရမီ စားပွဲဝိုင်းဆွေးနွေးပွဲအုပ်စုမှ တာဝန်ယူထုတ်ဝေခြင်းဖြစ်ပါသည်။ မူပိုင်ခွင့်မှာသက်ဆိုင်ရာ ဟောပြောပို့ချသော ပညာရှင်များနှင့်သာသက်ဆိုင်ပါသည်။

ပါရမီစားပွဲဝိုင်း ဆွေးနွေးပွဲအုပ်စုအနေဖြင့် ဤစာစောင်တွင် ပါဝင်သော အတွေးအမြင်ယူဆချက်များအတွက် တာဝန်မရှိပါ။ သက်ဆိုင်ရာ ပညာရှင်တစ်ဦးစီနှင့်သာ သက်ဆိုင်ပါသည်။ ဤစာစောင်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ကြိုတင်ခွင့်ပြုချက်မရှိဘဲ မည်သူမျှကူးယူ အသုံးချခွင့်မရှိပါ။ ဝေဖန်ချက်၊ အကြံပြုချက်များကို အမြဲလက်ခံ ကြိုဆိုပါသည်။



**ဆက်သွယ်ရန်လိပ်စာ**
ပါရမီစားပွဲဝိုင်းဆွေးနွေးပွဲအုပ်စု
အမှတ် (၁၄-၀၄)၊ ဆာကူရာတာဝါ၊
ဆူးလေဘုရားလမ်း၊ ရန်ကုန်။
ဖုန်း- (၀၁) ၂၅၅၁၀၄၊ ၂၅၅၁၀၆
ဖက်စ်- (၀၁) ၂၅၅၁၀၉
Email : info@aec.com.mm
Website : www.aec.com.mm